ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

# အမိန့်ကြော်ငြာစာ

အမှတ်၊ ၂ / ၂၀၁၇
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လစာခေါင်းစဉ်မှအပ အောက်ပါပေးချေငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းများအတိုင်း ကျသင့်သော ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် ထုတ်ပြန်သတ်မှတ်လိုက်သည် -

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ထုတ်ပေးသည့်ငွေမှ အခွန်အတွက် နုတ်ယူရန် ရာခိုင်နှုန်း | |
|---|---|---|---|
| | | ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ အတွက် | ပြည်ပနေ နိုင်ငံခြားသား အတွက် |
| (က) | ချေးငွေ သို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝ သက်ရောက်သည့် ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးငွေ (Interest payment for a loan or indebtedness or a transaction of similar nature or Saving.) | - | ၁၅ % |
| (ခ) | လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင် အခွင့်အရေးစသည်တို့ကို အသုံးချခွင့် ပြုသည့်အတွက် ပေးချေငွေများ (Royalties for the use of Licenses, Trademarks, Patent Right etc.) | ၁၀ % | ၁၅ % |

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ထုတ်ပေးသည့်ငွေမှ အခွန်အတွက် နုတ်ယူရန် ရာခိုင်နှုန်း | |
|---|---|---|---|
| | | ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ အတွက် | ပြည်ပနေ နိုင်ငံခြားသား အတွက် |
| (ဂ) | နိုင်ငံတော် အဖွဲ့အစည်းများ၊ နိုင်ငံပိုင် လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ သမဝါယမအသင်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင် လုပ်ငန်းများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်းကုမ္ပဏီများ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများတို့က တင်ဒါစနစ်၊ကန်ထရိုက်စနစ်၊ ဈေးနှုန်းခေါ်ယူသည့်စနစ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားယူခြင်းတို့အတွက်ပေးငွေများ (ဤဇယား၏အထက်အမှတ်စဉ်များပါ ပေးချေငွေတို့မှအပ) -<br>Payment by State organizations, State enterprises, Development Committees, co-operative societies, foreign companies, foreign enterprises and organizations, local companies and under an existing law for purchase of goods, work performed or supply of services and hiring within the country under a tender, contract, quotation or other modes<br>(other than the services mentioned in above items of this table.):- | ၂ % | ၂.၅ % |

၂။ အထက်အပိုဒ်ပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း အခွန်နုတ်ယူပေးသွင်းရာတွင် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေခြင်းဖြစ်ပါက ကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်းဖြစ်ပါက ထုတ်ပေးသည့် ငွေအမျိုးအစားဖြင့် လည်းကောင်း နုတ်ယူ၍ သက်ဆိုင်ရာ အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးချေငွေကို လက်ခံရရှိသူ အမည် သို့မဟုတ် လုပ်ငန်းအမည်ဖြင့် ပေးသွင်းရမည်။

၃။ အပိုဒ် ၁ ပါ ပေးချေငွေများအနက် ပြည်ပနေနိုင်ငံခြားသားထံ ပေးချေငွေမှ နုတ်ယူ ပေးသွင်းသည့် အခွန်ငွေကို ပြည်ပနေနိုင်ငံခြားသားအတွက် အပြီးသတ်စည်းကြပ်မှုအရ ပေးသွင်းသည့် ဝင်ငွေခွန် အဖြစ် မှတ်ယူရမည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲအဖြစ် ပြည်တွင်း၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအပေါ် ဝင်ငွေခွန်ဥပဒေနှင့်အညီ စည်းကြပ်ခြင်းကို ခံယူပါက နုတ်ယူပေးသွင်းခဲ့သည့် အခွန်ကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးရမည်။ ထို့အတူ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေငွေမှ နုတ်ယူပေးသွင်းငွေများကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးရမည်။

၄။ ပြည်ပနေနိုင်ငံခြားသားသည် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကွမ်းရှောင်ရှားရေး နှင့် ငွေကြေးထိမ်ချန်မှုကာကွယ်ရေးသဘောတူစာချုပ် Agreement for Avoidance of Double Taxation and Prevention of Fiscal Evasion (Tax Treaty) ချုပ်ဆိုထားသော နိုင်ငံတစ်ခုခု၏ ပြည်တွင်းနေ Resident ဖြစ်ကြောင်း ဆိုင်ရာနိုင်ငံ ပြည်တွင်းအခွန်ဌာန၏ သက်သေခံလက်မှတ် Certificate of Resident တင်ပြလာလျှင် ထိုသူသို့ ထုတ်ပေးရန်ရှိသော ငွေအနက်မှ ဝင်ငွေခွန်အတွက် နုတ်ယူပေးသွင်းရမည့်ငွေကို သက်ဆိုင်ရာနိုင်ငံနှင့် ချုပ်ဆိုထားသော သဘောတူစာချုပ်ပါ သတ်မှတ် ရာခိုင်နှုန်းအတိုင်း နုတ်ယူ ပေးသွင်းရမည်။

၅။ ပင်ရင်းမှ နုတ်ယူပေးသွင်းသူသည် ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်သော ပုံစံဖြင့် (၃)စုံ ပြုစု၍ မူရင်းကို အခွန်ငွေ နုတ်ယူခြင်းခံရသူသို့ လည်းကောင်း၊ မိတ္တူ (၁)စောင်ကို အခွန်ပေးသွင်းသည့် အခွန်ဦးစီးဌာနမှူးရုံးသို့ လည်းကောင်း ပေးပို့ပြီး ကျန်မိတ္တူ(၁) စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

၆။ အပိုဒ် ၁ ပါ ပေးချေငွေမှ အခွန်နုတ်ယူ ပေးသွင်းရာတွင် -

(က) ဝင်ငွေနှစ် တစ်နှစ်အတွင်း စုစုပေါင်း ပေးငွေ ကျပ် ၅ သိန်းထက် မကျော်လျှင် အခွန်နုတ်ယူ ပေးသွင်းခြင်းမပြုရ။ စုစုပေါင်း ပေးချေငွေသည် ကျပ် ၅ သိန်းထက် ကျော်လွန်ပါက ပေးချေငွေ အားလုံးအပေါ်တွင် သက်ဆိုင်ရာ အခွန်နှုန်းဖြင့် နုတ်ယူပေးသွင်းရမည်။

(ခ) ပေးချေငွေသည် တစ်ကြိမ်အတွက် သတ်မှတ်ပမာဏကို မကျော်လွန်သော်လည်း နှစ်အတွင်း အကြိမ်ကြိမ်ပေးချေငွေသည် သတ်မှတ်ပမာဏထက် ကျော်လွန်ပါက သတ်မှတ်ရာခိုင်နှုန်းများနှင့်အညီ အခွန်ကို နုတ်ယူပေးသွင်းရမည်။

(ဂ) ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်း သို့မဟုတ် နိုင်ငံခြားငွေဖြင့် ပေးချေခြင်းဖြစ်ပါက ပေးချေငွေအားလုံးအပေါ်တွင် ဇယားပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း နုတ်ယူပေးသွင်းရမည်။

(ဃ) ပေးချေငွေ အမျိုးအစား အားလုံးအတွက် အခွန်နုတ်ယူပေးသွင်းရန် သတ်မှတ်ပမာဏ မပြည့်မီသော ပေးချေငွေများအတွက် သတင်းစာရင်းအဖြစ် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရမည်။

၇။ သို့ရာတွင် -

(က) အစိုးရ အဖွဲ့အစည်းအချင်းချင်း ပေးချေငွေများ၊ အစိုးရအဖွဲ့အသီးသီးနှင့် နိုင်ငံပိုင်လုပ်ငန်းဌာနများသို့ ပေးချေငွေများ အပေါ် ငွေထုတ်ပေးသည့်အချိန်၌ ပင်ရင်းမှ ဝင်ငွေခွန် နုတ်ယူ ပေးသွင်းခြင်း မပြုရ။

(ခ) အထက်အပိုဒ် ၁ ပါ ပေးချေငွေများအနက် ချေးငွေ သို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝသက်ရောက်သည့်ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးငွေနှင့် စပ်လျဉ်း၍ နိုင်ငံအတွင်း၌ ပြည်ပနေ နိုင်ငံခြားသား၏ ရုံးခွဲအဖြစ်မှတ်ပုံတင်ဖွဲ့စည်းထားခြင်း၊ အဆိုပါရုံးခွဲမှ ပြည်တွင်းဝင်ငွေနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ အခွန်စည်းကြပ်မှု ခံယူနေခြင်း ဖြစ်ပါက ပေးချေငွေများအပေါ် ငွေထုတ်ပေးသည့်အချိန်၌ ပင်ရင်းမှဝင်ငွေခွန် နုတ်ယူ ပေးသွင်းခြင်း မပြုရ။

(ဂ) အထက်အပိုဒ် ၁ ပါ ပေးချေငွေ အမျိုးအစားများ ဖြစ်သော်လည်း ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်အထပ်ထပ် ပေးဆောင်ရခြင်း မဖြစ်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းလမ်းသတ်မှတ်ပေးနိုင်သည်။

(ဃ) ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းကို ငွေလက်ခံသူက သဘောတူလက်ခံရန်ငြင်းဆိုခြင်းကြောင့် ငွေပေးချေသူက ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရမည့်တာဝန်မှကင်းလွတ်ခွင့်မရှိစေရ။

၈။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၀-၃-၂၀၁၀ ပြည့်နှစ်ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၁/၂၀၁၀ နှင့် ၂၆-၈-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၇/၂၀၁၁ တို့ကိုဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

၉။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

------------------------------၀၀၀------------------------------

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၁၁၀ / ၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန
ဤဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန်
မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

10/1/2017

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်